# သန်လျင်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ

သာယာကုန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သာယာကုန်းကျေးရွာ၊ သန်လျင်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်

ကျေးလက်နေပြည်သူများမှကူညီရေးဆွဲသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာ လ

# မာတိကာ

**မာတိကာ**

**စကားချီး**


သာယာကုန်းကျေးရွာ သယံဇာတပြေမြေပုံ၊ သန်လျင်မြို့နယ်

**အပိုင်း(က)**

**ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) တည်နေရာနှင့် ပထဝီဝင် အနေအထား

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၉) ကျား - မ ရေးရာကိစ္စရပ်ဆိုင်ရာ

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များ နှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ် နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ် တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေး ပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့ သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာ များမှ ရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေ များကို ဆန်းစစ် သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။ ဤ အစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အစီအစဉ်တို့ပါဝင်ပါ သည်။ အပိုင်း(ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်များ ပါဝင်ပါသည်။

ဩဂုတ် လ၊ ၂၀၂၂ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သာယာကုန်းကျေးရွာ

## အပိုင်း(က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### (၁) နိဒါန်း

### (က) ရည်ရွယ်ချက်

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်နှင့်ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း များ နှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန် စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင် ပါမည်။

### (ခ)စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင် အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**(၂)တည်နေရာနှင့် ပထဝီဝင် အနေအထား**

သာယာကုန်းကျေးရွာသည် သန်လျင်မြို့နယ်၏အရှေ့တောင်အရပ်တွင်တည်ရှိပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သူများပြားလျက်ရှိပါသည်။စက်ရုံအလုပ်ရုံများ၊ လက်သမား၊ပန်ရံ အလုပ်အကိုင်များနှင့် ကျပန်းအလုပ် လုပ်ကိုင်သူများလည်း အနည်းငယ်ရှိပါသည်။

ကျေးရွာသည် မိုးရွာသွန်းမှုအသင့်အတင့်ကောင်းသော မြေပြန့်ဒေသတွင်ရှိပြီး လယ်ယာမြေအသင့်အတင့်ပေါများသဖြင့် သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုရှိသည်။ စပါးနှင့်ပဲကိုအဓိကစိုက်ပျိုးသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ အနီးပတ်ဝန်းကျင်တွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါးသွားပြီဖြစ်သည်။ နွားစာအတွက် မြက်များကို လယ်ကန်သင်းများတွင်သာ အလွယ်တကူရရှိနိုင်သည်။ စားကျက်မြေသီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင် အပင်များမှာ သာမန်တွေ့ရများသော အပင်သာရှိသည်။ (ဥပမာ- ဒန့်ဒလွန်၊ ရဲယို၊ သဘော်အစရှိသည့် အပင်များ)

**(၃)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာအတွင်းရှိရပ်မိ/ရပ်ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကိစ္စများအား ဆောင်ရွက်ခဲ့ပါသည်။ အဓိကအားဖြင့် ပြည်သူလူထု မတည်ငွေ၊ တိုင်းဒေသကြီးလွှတ်တော် ရန်ပုံငွေဖြင့် လမ်းခင်းခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာရှိရေကန်များအား အနက်နှိုက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် တွင်းနက်တူးဖော်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာရှိ အမျိုးသမီးများနှင့် လူငယ်များအဖွဲ့ သီးသန့်မရှိဘဲ ရပ်ရွာကိစ္စများဖြစ်ပေါ်လာလျှင် ဝိုင်းဝန်း ကူညီလေ့ရှိပါသည်။

**(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ကိုင်သူများဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ရှိသည်။ ဥစ္စာဓနအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၂၄.၃၇% သည် မပြေလည်နှင့် အလွန်မပြေလည် အိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး ၂၇.၈၆%သည် ချမ်းသာသည့်အဆင့်၊ ၄၇.၇၇%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်သည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှု၊ လက်လုမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှု အသင့်အတင့်ရှိခြင်းတို့ ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့်သာရှိပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်သူများ၊ အိမ်ဆိုင်၊ လက်သမား၊ ပန်းရံစသော အသေးစားလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲ အဆင့်သည် ကျေးရွာတွင် အသင့်အတင့်ရှိပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သား များနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်(၂၄.၃၇%) ထိရှိကာ မပြေလည်၊ အလွန်မပြေလည် အဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုး လုပ်ငန်း

များ၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။

**(က) သီးနှံစိုက်ပျိုးရေး**

ကျေးရွာအတွင်း၌ အဓိကအားဖြင့် စပါးနှင့်ပဲတီစိမ်းများကို စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ သီးနှံစိုက်ပျိုးရာတွင် ဆောင်းရာသီစိုက်ပျိုးချိန်၌ ရံဖန်ရံခါ မိုးများခြင်းကြောင့် စပါးများရိတ်သိမ်းရန် အခက်အခဲရှိခြင်း၊ စပါးလှမ်းရန်အခက်အခဲရှိခြင်းများ ကြုံတွေ့ရတတ်ပါသည်။ မိုးစပါး စိုက်ဧက (၁၇၃၃.၃၃) စိုက်ပျိုးပြီး မိုးစပါး ရိတ်သိမ်းအပြီး ကျန်ရှိသော အစိုဓါတ်ဖြင့် ပဲတီစိမ်းကို ဧက (၁၂၁၀) ခန့် စိုက်ပျိုးကြသည်။ မိုးစပါးတစ်ဧက ပျမ်းမျှအထွက်မှာ (၄၅)တင်းနှင့် ပဲတီစိမ်းတစ်ဧက ပျမ်းမျှ (၁၈) တင်းနှုန်းတို့ ထွက်ရှိကြသည်။ သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ငန်းအား အဓိကထား လုပ်ကိုင်ကြပြီး ဆိတ်၊ ကြက်၊ ဘဲ မွေးမြူရေး ကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းမှာ စက်ရုံ၊ အလုပ်ရုံများ၊ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်း တို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားခြင်းသည် ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့ စသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရှိကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ အမျိုးသမီးအများစုသည် အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်သူများပြားသည်။

**(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး**

ကျေးရွာတွင် အနီးဆုံးဈေးသည် ဖားကူးအရှေ့ဈေးဖြစ်ပြီး အကြီးစားဈေးကွင်မှာ သန်လျင်မြို့မဈေးဖြစ်သည်။၎င်းဈေးမှ စားသောက်ကုန်၊ အဝတ်အထည်၊ ဆေးဝါး ပစ္စည်းများစွာ ဝယ်ယူရောင်းချနိုင်ပါသည်။ ထိုဈေးများသို့ ပို့ဆောင်သွားလာရေး ဆက်သွယ်မှုသည် ကတ္တရာလမ်းဖြစ်ပြီး ဖားကူးကျေးရွာနှင့် (၅) မိုင်ခန့်ကျော် ကွာဝေးပြီး အသွားအပြန် ဆိုင်ကယ်ကယ်ရီဖြင့် သွားလျှင် (၅၀၀၀)ကျပ်ကုန်ကျကာ သန်လျင်သို့ (၂၄)မိုင်ခန့်ကွာဝေးသဖြင့် အသွားအပြန်ကယ်ရီခ(၁၀၀၀၀)ကျပ် ကုန်ကျပါသည်။

**(င)ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ**

ကျေးရွာမှတောင်သူများသည် စိုက်ပျိုးရေးနှင့် အခြားသက်မွေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့မှ ချေးငွေကို ဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ချေးယူရရှိနိုင်ကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စိုက်ပျိုးရေးအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သော မပြေလည်နှင့်အလွန် မပြေလည် အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အတိုးနှုန်းမှာ(၁.၅%)၊ (၁)ကေလျှင် (၁၅၀၀၀၀)ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အချိန်ကာလအားဖြင့် (၆)လ၊ အပေါင်ပစ္စည်း အားဖြင့် လယ်သမားလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)၊ မြေပုံ ၁၀၅များ ထားရှိရပါသည်။

**(၅)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ကျေးရွာရှိ ရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းမှာ မြေသားလမ်းနှင့် ကွန်ကရစ်လမ်းအချို့ဖြစ်ပြီး၊ ရွာချင်းဆက်လမ်းမှာ ကွန်ကရစ်လမ်းဖြစ်ကာ ဆိုင်ကယ်များကိုအသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် ကား၊မော်တော်ဆိုင်ကယ်၊စက်ဘီးနှင့် ထော်လာဂျီ တို့ကို အသုံးပြုလျက်ရှိကြသည်။ လျှပ်စစ်မီးကို လုပ်သားပြည်သူများအားလုံး မီတာသုံးစွဲခွင့်ရရှိကာ ကျေးရွာရှိ အိမ်ထောင်စုအားလုံးလျှပ်စစ်မီးသုံးစွဲကြသည်။ ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်း များအတွက်လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေး အခြေအနေတွင် ကျေးရွာအတွင်းတွင် မြေသားလမ်းများကို ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိနေပြီး ရွာပတ်လမ်းမှာပြည့်စုံစွာ ကွန်ကရစ်လမ်းခင်းထားမှု မရှိသေးပါ။ ရွာပတ်လမ်းခင်းနိုင်ရန်အတွက် မိမိတို့ကျေးရွာမှ ပြည်သူ့ထည့်ဝင်ငွေနှင့် မြို့နယ်မှ ဖွံ့ဖြိုးရေးရန်ပုံငွေထောက်ပံ့မှု ရရှိမှသာ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာတွင် လျှပ်စစ်မီးကို ကိုယ်ထူကိုယ်ထဖြင့် မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းဖိုးသက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက် အကူပြုနေသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို TV၊ ရေဒီယိုများ၊ အင်တာနက်များမှတစ်ဆင့်သိရှိရပါသည်။ ဖုန်းလိုင်းတွင် MPT ၊ Telenor ၊ Ooredoo၊ Mytel လိုင်း(၄)မျိုးလုံးဖြင့် သုံးစွဲနိုင်ပါသည်။

**(ဃ) ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့် မြင့်မားကြောင်းတွေ့ရှိရပါသည်။ ရွာသူ/သားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် နည်းပါးသည်။ ပညာရေးအပေါ် ကျောင်းသားမိဘများ၏ စိတ်ဝင်စားမှု၊ ပံ့ပိုးမြှုပ်နှံမှုများမြင့်မားပြီး ကျေးရွာ၏ ပညာရေးအလားအလာမှာ ကောင်းမွန်ပါသည်။

**(င) ကျန်းမာရေး**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မိုးရာသီတွင် ဝမ်းပျက် ဝမ်းလျှောနှင့် သွေးလွန်တုတ်ကွေးများဖြစ်လေ့ရှိပြီး တီဘီ၊ ဆီးချိုနှင့်သွေးတိုးရောဂါများ အနည်းငယ်ဖြစ်ကြောင်း တွေ့ရှိရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာရှိကျေးလက်ဆေးပေးခန်းတွင် ရရှိနိုင်ပြီး ဆေးဆိုင်များနှင့်လည်း လက် လှမ်းမီသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာ၏ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓါတုမြေသြဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလစ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ မိုးခေါင်ခြင်းကသဘာဝအန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်သည်။ နာဂစ်မုန်တိုင်းတိုက်ခိုက်ခံရသောအခါ ထိခိုက်မှု အနေအထားအားဖြင့် ကြီးကြီးမားမား မရှိခဲ့ပါ။ သစ်ပင်များ ပြိုလဲပျက်စီးခြင်းနှင့် အမိုးအကာများပျက်စီးခြင်းတို့ကို ရွာသူ/သားများ စုပေါင်းအင်အားဖြင့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမိုးအကာများကိုလည်း မိမိတို့ တတ်နိုင်သည့် အင်အားဖြင့် ပြန်လည်ပြုပြင်ခဲ့ပါသည်။ ကျေးရွာတွင်

သဘာဝဘေး အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထိခိုက်မှုများ လျော့ချနိုင်ရန် ကြိုတင် လုပ်ဆောင်မှုများမရှိသေးပါ။ သို့သော် မိုးလေဝသသတင်းများအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေ ရန် အိမ်တိုင်း၌ ရေဒီယို၊ တီဗီ စသည်တို့အား ဖွင့်လှစ်ကြည့်ရှုနားထောင်နေကြပါသည်။

**၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထား ကြသည်။ကျေးရွာတွင်း ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ခံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အား စိုက်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြ သည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမရှိပါ။ ကျားမတန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်း များ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုး မှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ် တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထု သည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်း စနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်−

| စဉ် | စီမံချက် | အကဲဖြတ်အမှတ်ပေးသူ (၁) | အကဲဖြတ်အမှတ်ပေးသူ (၂) | အကဲဖြတ်အမှတ်ပေးသူ (၃) | အကဲဖြတ်အမှတ်ပေးသူ (၄) | အကဲဖြတ်အမှတ်ပေးသူ (၅) | အကဲဖြတ်အမှတ်ပေးသူ (၆) | အကဲဖြတ်အမှတ်ပေးသူ (၇) | အကဲဖြတ်အမှတ်ပေးသူ (၈) | အကဲဖြတ်အမှတ်ပေးသူ (၉) | အကဲဖြတ်အမှတ်ပေးသူ (၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | အောင်သိဒ္ဓိမင်္ဂလာလမ်းကွန်ကရစ်ခင်း ခြင်း (၅၅၀′×၈′×၆“) | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၂ | အောင်မင်္ဂလာလမ်းကွန်ကရစ်ခင်းခြင်း | ၈ | ၉ | ၁၀ | ၇ | ၆ | ၈ | ၉ | ၁၀ | ၉ | ၁၀ | ၈၆ | ၂ |
| ၃ | အောင်မင်္ဂလာလမ်းသွယ်(၁)ကွန်ကရစ်ခင်းခြင်း | ၁၀ | ၈ | ၁၀ | ၉ | ၉ | ၇ | ၆ | ၉ | ၁၀ | ၅ | ၈၃ | ၃ |
| ၄ | အောင်မင်္ဂလာလမ်းသွယ်(၂)ကွန်ကရစ်ခင်းခြင်း | ၉ | ၆ | ၁၀ | ၇ | ၈ | ၅ | ၁၀ | ၅ | ၉ | ၁၀ | ၇၉ | ၄ |
| ၅ | အောင်မင်္ဂလာလမ်းသွယ်(၃)ကွန်ကရစ်ခင်းခြင်း | ၈ | ၆ | ၈ | ၇ | ၅ | ၆ | ၁၀ | ၆ | ၈ | ၉ | ၇၃ | ၅ |
| ၆ | အောင်မင်္ဂလာလမ်းသွယ်(၄)ကွန်ကရစ်ခင်းခြင်း | ၉ | ၆ | ၉ | ၇ | ၈ | ၅ | ၇ | ၅ | ၉ | ၆ | ၇၁ | ၆ |
| ၇ | ခတ္တာမြိုင်လမ်းကွန်ကရစ်ခင်းခြင်း | ၈ | ၆ | ၈ | ၇ | ၈ | ၅ | ၇ | ၅ | ၈ | ၆ | ၆၈ | ၇ |
| ၈ | ဘုရားလမ်းကွန်ကရစ်ခင်းခြင်း (၂၂၀′×၁၂′×၆“) | ၆ | ၆ | ၅ | ၆ | ၉ | ၄ | ၆ | ၅ | ၆ | ၆ | ၅၉ | ၈ |
| ၉ | ရွာလယ်ကန်ခြံစည်းရိုးကာရံခြင်း(၅၃၃′×၅′) | ၅ | ၆ | ၅ | ၆ | ၇ | ၄ | ၆ | ၅ | ၆ | ၄ | ၄၈ | ၉ |

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကိုနှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များရေးဆွဲရာတွင်လည်း ထည့်သွင်းပေး မည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁ | အောင်သိဒ္ဓိမင်္ဂလာလမ်းကွန်ကရစ်ခင်းခြင်း (၅၅၀′×၈′×၆″) | ၁ | ---- | | | | |
| ၂ | အောင်မင်္ဂလာလမ်းမကွန်ကရစ်ခင်းခြင်း(၈၇၀′×၁၂′×၆″) | ၂ | | ---- | | | |
| ၃ | အောင်မင်္ဂလာလမ်းသွယ်(၁)ကွန်ကရစ်ခင်းခြင်း(၅၂၀′×၁၂′×၆″) | ၃ | | | ---- | | |
| ၄ | အောင်မင်္ဂလာလမ်းသွယ်(၂)ကွန်ကရစ်ခင်းခြင်း(၅၃၀′×၁၂′×၆″) | ၄ | | | ---- | | |
| ၅ | အောင်မင်္ဂလာလမ်းသွယ်(၃)ကွန်ကရစ်ခင်းခြင်း(၂၆၀′×၁၂′×၆″) | ၅ | | | | ---- | |
| ၆ | အောင်မင်္ဂလာလမ်းသွယ်(၄)ကွန်ကရစ်ခင်းခြင်း(၂၅၀′×၁၂′×၆″) | ၆ | | | | ---- | |
| ၇ | ခတ္တာမြိုင်လမ်း ကွန်ကရစ်ခင်းခြင်း(၁၄၂၃′×၁၂′×၆″) | ၇ | | | | | ---- |
| ၈ | ဘုရားလမ်း ကွန်ကရစ်ခင်းခြင်း(၂၂၀′×၁၂′×၆″) | ၈ | | | | | ---- |
| ၉ | ရွာလယ်ကန်ခြံစည်းရိုးကာရံခြင်း(၅၃၃′×၅′) | ၉ | | | | | ---- |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးလက်စွဲစာအုပ်၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ။

၂။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ကျောင်းကုန်းဆိပ်ကြီး ကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့သော ကျေးရွာအခြေအနေကိုရှာသူရှာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ။

၃။ ၂၀၂၂ခုနှစ် ဩဂုတ်လတွင် သာယာကုန်းကျေးရွာမှ ကျင်းပပြုလုပ်ခဲ့သော ကျေးရွာ အခြေအနေကို ရွာသူ/ သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ။

နောက်ဆက်တွဲ (၁)

## သာယာကုန်းကျေးရွာ၊ လဟာရက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသီဟ | ဦးလှမြင့် | ၁၂/သလန(နိုင်) ၁၂၈၄၄၇ | ၃၆ | ဥက္ကဋ္ဌ | '၀၉ ၉၇၃၂၆၅၂၅၀ |
| ၂ | ဦးဇော်လတ် | ဦးထွန်းသောင်း | ၁၂/သလန(နိုင်) ၁၃၂၁၇၅ | ၃၆ | အတွင်းရေးမှူး | '၀၉ ၉၇၉၆၆၄၁၂၅ |
| ၃ | ဒေါ်အင်ကြင်းဖြူ | ဦးရီဝေ | - | ၁၈ | အဖွဲ့ဝင် | ၀၉ ၉၇၀၈၂၁၂၄၀ |
| ၄ | ဦးအောင်အောင်လှိုင် | ဦးကျော်ညွန့် | ၁၂/သလန(နိုင်) ၁၄၈၁၁၉ | ၃၉ | ။ | '၀၉ ၉၅၀၁၂၃၄၀၂ |
| ၅ | ဦးလှနိုင် | ဦးကြည်ဝင်း | - | - | ။ | - |
| ၆ | ဒေါ်ဖြူဖြူလွင် | ဦးဇော်လွင် | | | | |
| ၇ | ဦးအောင်နိုင် | ဦးကျော်ညွန့် | ၁၂/သလန(နိုင်) ၀၆၉၅၁၄ | ၅၀ | ။ | '၀၉ ၉၇၀၈၂၁၂၄၀- |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၈ | ၁၂ | | |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၃၃ | ၃၂ | ၆၅ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၃၅ | ၇၄ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၃ | ၂၈ | ၆၁ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၅ | ၂၉၅ | ၅၈၀ | | |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၁၄ | ၂၈ | | |
| **စုစုပေါင်း** | | **၄၀၈** | **၄၁၂** | **၈၂၀** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | ၂၄၆ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှ အသက်(၁)နှစ် မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့် သည်မှ အသက်(၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀)နှစ် ပြည့်သည်မှ အသက်(၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက်(၆၅)နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များ ကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာသည် အိမ်ထောင်စု(၂၄၆)စု၊ လူဦးရေ (၈၂၀) ဦး ရှိပါသည်။ သာယာကုန်းကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၁.၄၆%)၊ (၅)နှစ်အောက် ကလေးငယ် (၇.၉၃%)၊ မူလတန်းကျောင်းသားအရွယ် (၉.၀၃%)၊ အလယ်တန်း ကျောင်းသားအရွယ် (၇.၄၄%)၊ အလုပ်လုပ်နိုင်သည့်အရွယ်(၇၀.၇၃%)၊ သက်ကြီးရွယ်ကြီး(၃.၄၁%)ရှိပါသည်။ ပျမ်းမျှအနေ ဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေမှာ တစ်ရွာလုံးရှိလူဦးရေ၏ (၂၉.၂၇%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၂၈၅)ဦး၊ မ(၂၉၅)ဦး စုစုပေါင်း(၅၈၀)ရှိပြီး တစ်ရွာလုံးလူဦးရေ၏(၇၀.၇၃ %) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်း များအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၁ | | | | | | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | | | | | | မြင့် ☐လတ် ☑နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | | | | | | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၈ | ၃ | | | | | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၅ | | | | | | မြင့် ☐လတ် ☑နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁ | ၄ | | | | | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | | | | | | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၄ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီ အလိုက်အလုပ် သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁၂ | | | | | | မြင့် ☐လတ် ☐နိမ့် ☑ |
| | စုစုပေါင်း | ၂၄၆ | | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာသည် စိုက်ပျိုးရေး၊ အထည်ချုပ်စက်ရုံလုပ်ငန်းနှင့် ရောင်း/ဂယ်လုပ်ငန်းကို အဓိကထား အသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာဖြစ်သည်ဟုဆိုနိုင်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၂၄၆)စုအနက် (၃၁)အိမ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ကျပန်းလုပ်ငန်းကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းဖြင့် လုပ်ကိုင်သော မိသားစုမရှိဘဲ တစ်ပိုင်တစ်နိုင်အိမ်စားရုံမျှ မွေးမြူရေးလုပ်ငန်းကို လည်း လုပ်ကိုင်ကြသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | – |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | – |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | – |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | – |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။ ။မိုးရာသီတွင် အမျိုးသမီးကောက်စိုက်ခြင်း တစ်ဦးလျှင် ထမင်းစား (၆၀၀၀)ကျပ်ရပြီး ပဲခူးချိန်များတွင် တစ်ရက်လျှင် (၁၂၀၀၀)ကျပ် မှ (၁၅၀၀၀)ကျပ်အထိ ရရှိအောင် ခူးနိုင်သည်။ အမျိုးသားများမှာ ဆောက်လုပ်ရေး လက်သမား၊ ပန်းရံ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြပြီး များသောအားဖြင့် နေ့စဉ် အလုပ်လုပ်ကြရသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး<br>(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၀၂ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | – | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | – | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | – | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၃၀၂** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။စပါးစိုက်လယ်မြေများမှာ နှစ်သီးစားစိုက်ကြသည်။မြေဆီလွှာ အရည်အသွေး အသင့်အတင့်သာရှိ၍ ဓါတ်မြေဩဇာအသုံးပြုမှသာ တင်းလေးဆယ်မှ တင်းခြောက်ဆယ်အထိ စပါးထွက်သည်။ဆောင်း ရာသီတွင် ပဲတီစိမ်း စိုက်ပျိုးကြပြီး ဆယ်တင်းမှ တင်းနှစ်ဆယ်အထိထွက်ကြပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

### ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ တစ်ခုကို သာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာ တစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐နည်း☐ မရှိ☑ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည် များ | များ☐ သင့်☐နည်း☐ မရှိ☑ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐နည်း☐ မရှိ☑ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐နည်း☐ မရှိ☑ | ☒ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| ရေ - မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း) | များ☐ သင့်☐နည်း☐ မရှိ☑ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း) | များ☐ သင့်☐နည်း☐ မရှိ☑ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ☐ သင့်☐နည်း☐ မရှိ☑ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| သစ်တော - ဒီရေတောများ | များ☐ သင့်☐နည်း☐ မရှိ☑ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။သာယာကုန်းကျေးရွာပိုင်နက်အတွင်း တွင်းထွက်သယံဇာတများ မရှိပါ။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၂ | ၆၇ | ၇၅ | ၈၈ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စု၏ လေးပုံတစ်ပုံခန့်သည် ကိုယ်ပိုင်လယ်ယာမြေများရှိ၍ ဝမ်းစာဖူလုံမှုရှိပြီး လုပ်သားများမှာလည်း နေ့စားလုပ်သားများဖြစ်၍ အလွန်မပြေလည်သော အိမ်ထောင်စု များ နည်းပါးပါသည်။

(င)　ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = ၄ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၇<br>လုပ်အားခကြိုယူ = ၄ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ အဆင့်(၃)အိမ်ထောင်စုသည် အလုပ်ရုံစက်ရုံတို့မှာ အလုပ်လုပ်နေသောမိသားစုများဖြစ်ပြီး အဆင့်(၄) အိမ်ထောင်စုဝင်များမှာ ပုံမှန်မရှိသော လုပ်ငန်းကာလတို လုပ်သားများဖြစ်ပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | ၄ | ၄ | ၈ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | ၁ | ၁ |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။၆၄နှစ်နှင့်အထက် သက်ကြီးရွယ်အိုများရှိသော်လည်း မိသားစုများက ပစ်မထားဘဲ သားသမီးများက အပြည့်အဝပြုစုပေးပါသည်။ မိသားစုနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း စုပေါင်း နေထိုင်ကြပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | ✓ | |
| ၂ | ရေကြီးခြင်း | ✓ | | | | | |
| ၃ | မုန်တိုင်း | ✓ | | | ✓ | | |
| ၄ | ဆူနာမီ | ✓ | | | ✓ | | |
| ၅ | တိုင်ဖွန်းမုန်တိုင်း | ✓ | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | လေဆင်နှာမောင်း | ✓ | | | | | |
| ၇ | လျှော | ✓ | | | | | |
| ၈ | အပူလွန်ကဲခြင်း | ✓ | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ဆားငန်ရေဝင်ရောက်မှု | ✓ | | | | | |
| ၁၀ | အအေးလွန်ကဲခြင်း | ✓ | | | | | |
| ၁၁ | မိုးသီးမုန်တိုင်း | ✓ | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | ✓ | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ) | ✓ | | | | | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း | ✓ | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | |
| ၂၂ | တီဘီရောဂါ | ✓ | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | |
| ၂၄ | ကူးစက်ရောဂါ | ✓ | | | | | |
| ၂၅ | ပြည်တွင်း ပဋိပက္ခ | ✓ | | | | | |
| ၂၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ✓ | | | | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | |
| ၂၈ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း စသည် | ✓ | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ သဘာဝဘေးအန္တရာယ်ဖြစ်ခဲ့ပါက လက်လုပ်လက်စား မိသားစုများအနေဖြင့် စားဝတ်နေရေး အနည်းငယ်ကြပ်တည်းနိုင်ပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| **စဉ်** | **ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)** | **ထိခိုက်လွယ်မှု**(မှန်ရာတစ်ခုကိုသာရွေးရန်) | | | **စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ** | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁ | လူငယ် | ✓ | | | ✓ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | ✓ | | | ✓ | |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | | ✓ | | ✓ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | ✓ | | |
| ၅ | ပင်လယ်/ မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | ✓ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone toaccident)တွင်နေထိုင်သူများ | ✓ | | | ✓ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | ✓ | | | ✓ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | ✓ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | ✓ | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | ✓ | | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | ✓ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | **ထိခိုက်လွယ်မှု**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | | | **စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျော ညီထွေဖြစ်အောင် အစီအမံများ** | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | ✓ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | ✓ | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | ✓ | | |
| ၁၆ | နေရပ်ပြန် အခြေချသူများ | ✓ | | | ✓ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | ✓ | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | ✓ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်း အိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစား လွယ်နိုင်ပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်းအမည်** | **အမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့ဝင်ဦးရေ** | | | **လုပ်ငန်းတာဝန်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | **စွမ်းဆောင်နိုင်မှု**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | **ကျား** | **မ** | **ပေါင်း** | | |
| ၁ | အုပ်ချုပ်ရေး | ၁ ☐၂ ☑၃ ☐ | ၈ | ၀ | ၈ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑ညံ့☐ |
| ၂ | မြစိမ်းရောင်ကြီးကြပ်မှုကော်မတီ | ၁ ☑၂ ☐၃ ☐ | ၄ | ၃ | ၇ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑ညံ့☐ |
| ၃ | လူမှုကူညီရေးအဖွဲ့ | ၁ ☐၂ ☑၃ ☐ | ၁၃ | ၂ | ၁၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐သာရေး၊<br>နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑ညံ့☐ |
| ၄ | ပညာရေး | ၁ ☐၂ ☑၃ ☐ | ၆ | ၄ | ၁၀ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐သာရေး၊<br>နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑ညံ့☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးများ ပါဝင်ခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာလည်း ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထား ဆောင်ရွက်နေပါသည်။ ဘာသာရေး အဖွဲ့မှလည်း ကလေးသူငယ်များ လိမ္မာယဉ်ကျေးလာစေရန်အတွက် ကျေးရွာတွင် ဓမ္မစကူးကို ဖွင့်လှစ် သင်ကြားပေးနေပါသည်။

**(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ပက်မြန်မာ | ၁ ☐၂ ☑၃ ☐၄ ☐၅ ☐၆☐၇ ☐ | ပညာရေး ☐ငွေကြေး ☑ကျန်းမာရေး ☐ဘာသာရေး ☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | ဓမ္မစကူးလ် | ၁ ☐၂ ☐၃ ☐၄ ☐၅ ☐၆☑၇ ☐ | ပညာရေး ☐ငွေကြေး ☐ကျန်းမာရေး ☐ဘာသာရေး ☑စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ |
| ၃ | BG | ၁ ☐၂ ☐၃ ☐၄ ☐၅ ☐၆☐၇ ☑ | ပညာရေး ☐ငွေကြေး ☑ကျန်းမာရေး ☐ဘာသာရေး ☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

**(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

**(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)**

**(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း**

**(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

**(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid,**

USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာ ကလေးများ ဘာသာတရား ကိုင်းရှိုင်းစေရန် အတွက် တစ်ဖွဲ့သာလျှင် ဆောင်ရွက်ပေးလျှက်ရှိပြီး အသေးစား ငွေကြေးအဖွဲ့အစည်း အချို့ရှိပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | | | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | | | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၂၀ | ၈ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း** | | ၂၄၆ | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်သူကြီး(၂၀)ရှိကာ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ရှစ်စုရှိပြီး တောင်သူအများစုသည် တောင်သူလတ်နှင့် တောင်သူငယ်များ ဖြစ်ကြပါသည်။ (၂.၅) ဧက အောက် ပိုင်ဆိုင်သည့် ဆင်းရဲသားတောင်သူဦးရေ အနည်းငယ်သာရှိပြီး မြေယာမဲ့အိမ်ထောင်စုများလည်း ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်) | လွန်ခဲ့သော(၁၀) နှစ်က အခြေအနေ (မှန်ရာတစ်ခုကို သာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ☐ | ရှိ ☐မရှိ ☐ မဖြေဆိုပါ☐ | လျော့ ☐တိုး ☐အပြောင်းအလဲမရှိ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐မရှိ ☐ မဖြေဆိုပါ☐ | လျော့ ☐တိုး ☐အပြောင်းအလဲမရှိ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐မရှိ ☐ မဖြေဆိုပါ☐ | လျော့ ☐တိုး ☐အပြောင်းအလဲမရှိ☐ |
| ၄ | ရေသွင်း မြောင်း | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐မရှိ ☐ မဖြေဆိုပါ☐ | လျော့ ☐တိုး ☐အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး ☑ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐မရှိ ☐ မဖြေဆိုပါ☐ | လျော့ ☐တိုး ☐အပြောင်းအလဲမရှိ☐ |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး ☑ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐မရှိ ☐ မဖြေဆိုပါ☐ | လျော့ ☐တိုး ☐အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☐မရှိ ☐ မဖြေဆိုပါ☐ | လျော့ ☐တိုး ☐အပြောင်းအလဲမရှိ☐ |
| ၈ | ချောင်းရေ | ၃၀၂ | တစ်နှစ်ပတ်လုံး ☑ ရာသီအလိုက် ☐ မဖြေဆိုပါ ☐ | ရှိ ☑မရှိ ☐ မဖြေဆိုပါ☐ | လျော့ ☐တိုး ☐အပြောင်းအလဲမရှိ☑ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။သာယာကုန်းကျေးရွာရှိ လယ်ယာမြေများသည် စိုက်ပျိုးရေးကဏ္ဍတွင် ချောင်းရေကို အဓိကအားထား လုပ်ကိုင်ကြပြီး ချောင်းရေမှာ တစ်နှစ်ပတ်လုံး ရရှိသောကြောင့် ရေမလုံလောက်မှု နည်းပါး သည်ကို တွေ့ရှိရပါသည်။

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | ထိခိုက်သက်ရောက်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၃၀၂ | တင်း | ၄၀ | ၅၀ | ၄၅ | မေ | စက်တင်ဘာ | မြင့်☐ လတ်☑ နိမ့် ☐ | မြင့်☐ လတ်☑ နိမ့် ☐ | မြင့်☐ လတ်☐ နိမ့် ☑ |
| ပဲ | ၁၂၀ | တင်း | ၁၀ | ၁၂ | ၁၁ | နိုဝင်ဘာ | ဖေဖော်ဝါရီ | မြင့်☐ လတ်☑ နိမ့် ☐ | မြင့်☐ လတ်☑ နိမ့် ☐ | မြင့်☐ လတ်☐ နိမ့် ☑ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

